စာပွန်ခန်းသာစာဆုဝင်

စိတ်ကူးချိုချိုအနုပညာ



# မစန္ဒာ

## ခင်နှင်းယု

mgyoe.com



မစန္ဒာ

ခင်နှင်းယု

ISBN 9789997115126

KHY23

9 789997 115126

1,300.00KS

mgyoe.com

မစန္ဒာ၊ ခင်နှင်းယု
မျက်နှာဖုံးပန်းချီ - ဇော်မောင်
စာမျက်နှာ ၈၇+ မျက်နှာ၊ ၁၂·၈စင်တီ× ၁၈·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဖေဖော်ဝါရီလ၊ တစ်ပုဒ်တည်းပထမအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၅၃ မတ်လ မြဝတီမဂ္ဂဇင်းဝတ္ထုရှည် စ+ဆုံး။
(၂၀၁၃ စိတ်ကူးချိုချို၏ နွေနှောင်းရှက်ကျန်မဂ္ဂဇင်းဝတ္ထုရှည်များစာအုပ်)

ရောင်းဈေး ၁၃၀၀ ကျပ်

email: skccph@gmail.com ; P.O.Box: 705
www.facebook.com/SKCCmyanmarbook
www.skccmyanmarbook.com

mgyoe.com

mgyoe.com

စာမွန်ခန်းသာစာအုပ်စင်

■■■■■■■■■■■■■■■■

# မစန္ဒာ
# ခင်နှင်းယု

[illegible] ပထမအကြိမ်၊ ၂၀၀၉

mgyoe.com

mgyoe.com

## စာမွန်ခန်းသာ

စိတ်ကူးချိုချို၏ အဖိုးနည်းဝန်ပါ
ရသစာအုပ်ကောင်းလေးများ
အစီအစဉ် ဖြစ်ပါသည်။

ဝတ္ထုလတ်တစ်ပုဒ်(သို့မဟုတ်)နှစ်ပုဒ်သော်လည်းကောင်း၊
ဝတ္ထုတိုသုံးပုဒ်(သို့မဟုတ်)ငါးပုဒ်သော်လည်းကောင်း
ရသစာမွန်စာကောင်းများ ရွေးချယ်စုစည်းသွားပါမည်။

အချိန်ရှားပါး ခေတ်လူသားများသို့ အထူးရည်ရွယ်လျက်
ပေါ့ပေါ့ပါးပါးလည်းရှိ၊ တန်ကြေးလည်း မများ၊
ခရီးဆောင်လည်းဖြစ်၊ ညောင်ခန်းသာမှာလည်း ညောင်ခံ၊
စာဖတ်ဝလေ့ အထောက်အကူလည်း ပြုရလေအောင်
ရည်ရွယ်စီစဉ်လိုက်ကြခြင်း ဖြစ်ပါသည်။

mgyoe.com

mgyoe.com

## (၁)

*"အဖ ဦးကျား၊ အမိ ဒေါ်ဟေမာရှ်သီ၊ သမီး မစန္ဒာ ကောင်းမှု"*

"အဲဒီအဝင်ဝမှာရှိတဲ့ ကျောက်ပြားမှာစာလုံးထွင်းပါဗျာ၊ တော်လောက် ပြီ ထင်တယ် ဆရာလေး"

ဆရာလေး ဒေါ်ဉာဏစာရီသည် ဖြည်းညင်းစွာ ခေါင်းညိတ်ပြရင်း..

"မောင်ဝင်းဖေ၊ သူက သိပ်ခမ်းခမ်းနားနားကြိုက်တဲ့ မိန်းကလေးမှ မဟုတ်ဘဲ၊ အခုလို ကမ္ပည်းထိုးတာတောင် သူ့မှာ အဓိပ္ပာယ်တစ်ခုခုရှိမှာ ကွယ့်၊ ကဲ သွားကြဦးစို့လား"

ဆရာလေးသည် ကြာရှည်စွာ ဆက်လက်နေလိုစိတ်မရှိသလို ဖြစ် နေသည်။ သူ့ဘေးတွင်ထိုင်နေသော ဒေါ်ရွှေသွယ်ကို လှမ်းခေါ်လိုက်ပြန် သည်။

"ကဲ မရွှေသွယ်.. အင်ဂျင်နီယာတွေ တာဝန်ပဲ ရှိပါတော့တယ်၊ ဆရာလေးတို့ ပြန်ကြစို့"

ဦးဝင်းဖေလည်း အင်ဂျင်နီယာများကို မှာတန်သရွေ့ မှာ၍ နေရာ မှ ထလိုက်သည်။ သူတို့သုံးဦးသည် သရက်ပင်ဆိပ်အထက်နားမှ စစ်ကိုင်း

mgyoe.com

mgyoe.com


ချောင်လမ်းကို စ၍တက်လာကြသည်။ သုံးယောက်လုံးသည် အတွေး ကိုယ်စီနှင့် ဖြည်းညင်းစွာ လျှောက်လာကြပေမဲ့ သူတို့သုံးဦးလုံး၏ အတွေးမှာ တစ်ယောက်တည်းသော မစန္ဒာကိုသာ တွေးနေကြခြင်း ဖြစ်သည်။

ဂျပန်ခေတ်က ပျက်စီးသွားသော စစ်ကိုင်းတောင်ရိုးကို ရေပေးနေသော စက်ကို ပြန်လည်ပြင်ဆင်ရန် မစန္ဒာက သူတို့သုံးဦးအား တာဝန်လွှဲခဲ့သည်။ ငွေကြေးလည်း အလုံအလောက် ပေးခဲ့လေသည်။

သုံးဦး လျှောက်လာကြပေမဲ့ စကားပြော၍ မရကြ။ တစ်ခါတစ်ရံ မြေမှုန့်များပေါ် လျှောက်လာကြသည်။ တစ်ခါတစ်ရံ အင်္ဂတေလှေကားထစ်များကို ဖြတ်သန်းကြသည်။ ဘေးနစ်ဖက်ရှိ ကျောင်းသင်္ခမ်းများနှင့် ဇရပ်ဆောင်များ၊ ဂူလိုဏ်များကိုပင် သူတို့သုံးဦးသည် သတိမရပေ။

ဆရာလေးအဖို့ သူဖြစ်စေချင်လှသော ရေစက်ကို ပြုပြင်ပေးနိုင်သည့်အတွက် မစန္ဒာအား ကျေးဇူးတင်မိသည်နှင့်အမျှ မစန္ဒာ ထွက်ခွာသွားသည့်အဖြစ်ကို ရင်ထဲတွင် ဆွေးနေလေသည်။ မစန္ဒာသည် ဗမာပြည် မြေပြင်မှ ရိုးသားစွာ ထွက်ခွာသွားခြင်းမဟုတ်၍ သူ့သမီး မစန္ဒာအတွက် စိတ်ချမ်းသာမည် မဟုတ်ပေ။

ဒေါ်ရွှေသွယ်ကမူ ပြင်းထန်စွာ တုန်လှုပ်နေသည်။ အေးချမ်းငြိမ်သက်သော စစ်ကိုင်းချောင်မှ မစန္ဒာကို ခေါ်ထုတ်သွားသည်မှာ သူ တရားခံဖြစ်သည်။ သူသာ မခေါ်ခဲ့လျှင် မစန္ဒာသည် ဒေါ်ဉာဏစာရီနှင့်အတူ ကျောင်းသင်္ခမ်းတွင်ပင် အေးချမ်းစွာ လောကကို အဆုံးသတ်ကြမည် မဟုတ်ပါလား။ ယခုတော့...

ရှုပ်ထွေးသော လောကကြီးနှင့် အေးချမ်းသော ကျောင်းသင်္ခမ်းကို ပေါင်းကူးတံတားသဖွယ် လုပ်ပေးမိသော ဒေါ်ရွှေသွယ်သည် ပြင်းထန်စွာ တုန်လှုပ်၍ နောင်တတရား ရနေတော့သည်။

mgyoe.com

mgyoe.com

ဦးဝင်းဖေအတွက်မူ အားလုံးဆိတ်သုဥ်း၍ သွေ့ခြောက်နေသလို လမ်းလျှောက်နေစဥ်တွင်ပင် ဟက်ဟက်ပက်ပက် မရှိလှပေ။

"အင်မတန် ခေါင်းမာတဲ့ မိန်းကလေး၊ ဘဝကို ဆိုင်းဘုတ်တစ်ခုနဲ့ လဲတဲ့ မိန်းကလေးပဲ"

သူ့ဝမ်းထဲတွင် ဒါကိုပဲ ရေရွတ်မိသည်။

"စိတ်မကောင်းမဖြစ်ကြနဲ့ကွယ်၊ ကံ ကံ၏အကြောင်းတရားတွေပဲ၊ ဘယ်သူက ဖန်တီးနိုင်မှာ လိုက်လို့"

သူတို့သုံးဦး၏ တိတ်ဆိတ်စွာ လမ်းလျှောက်လာခြင်းကို ဆရာလေးက လှုပ်ရှားပစ်လိုက်သည်။ မှန်သည်၊ ကံ ကံ၏ အကြောင်းတရားပေပဲ။ ဆရာလေးက သီလရှင် တရားရှင်ပေကိုး။ ဘာပဲဖြစ်ဖြစ် တည်ငြိမ်စွာနှင့် ဒုက္ခ၊ သုခများကို ရင်ဆိုင်နိုင်ပေမည်။

တဖြည်းဖြည်းနှင့် လွမ်းစေတီနားသို့ ရောက်လာကြသည်။ လွမ်းစေတီကွေ့ဘက်သို့ မကွေ့ခင် ညာဘက်ရှိ ဇရပ်ဆောင်သို့ ဆရာလေးက ချိုးဝင်လိုက်သည်။

ဒေါ်ရွှေသွယ်နှင့် ဦးဝင်းဖေလည်း လိုက်ပါလာရင်း ဇရပ်ရှေ့ခန်းရှိ ကွပ်ပျစ်တွင် ထိုင်လိုက်ကြသည်။

ဆရာလေး ဒေါ်ဥက္ကာစာရီ၏ ဇရပ်။ မစန္ဒာ ယခင်ကနေခဲ့သော ဇရပ်။ သူတို့နှစ်ယောက်သည် မစန္ဒာကလေးအား ဤကျောင်းသခ်မ်းမှ လောကပြင်သို့ ထုတ်ခေါ်ခဲ့ကြလေသည်။

အတိတ်၏ဇာတ်ကွက်များသည် ဇရပ်တစ်ခုလုံး၏ အခန်းထောင့်ချိုးများမှာ တစ်ခုပြီးတစ်ခု ထွက်လာကြသည်ဟု ထင်သည်။ မစန္ဒာ၏ ခြေရာ၊ လက်ရာများ၊ နေခဲ့ထိုင်ခဲ့ပုံများသည် ဇရပ်တစ်ခုလုံးတွင် ကြွင်းကျန်ရစ်သလို ဖြစ်နေသည်။

ဒေါ်ရွှေသွယ်က မျက်လုံးကို စုံမှိတ်ထားသည်။

mgyoe.com

ဦးဝင်းဖေကမူ ဇရပ်ခေါင်းရင်းမှ မန်ကျည်းပင်ကိုပဲ စူးစိုက်ကြည့်နေသည်။ သူ့မျက်လုံးထဲတွင် မန်ကျည်းရွက်တွေကို ဆုပ်ကြဲလွှတ်ပစ်၍ အမြဲရယ်ရွှင် ကစားနေသော မစန္ဒာ့ငယ်ရုပ်မှာ ယခုပဲ သူ့ရင်ခွင်ထဲကို ပြေးဝင်လာမည်လို့ စိတ်ထဲတွင် ထင်မြင်လာသည်။

အားလုံးထဲတွင် အတည်ငြိမ်ဆုံးက ဆရာလေး ဒေါ်ဉာဏစာရီဖြစ်သည်။ မတုန်လှုပ်ဘူးဟူ၍တော့ မဆိုနိုင်။ ဒါပေမဲ့ ဆရာလေးသည် သူတို့လိုတော့ ဂဏှာမငြိမ်ဖြစ်အောင် မဖြစ်။ တည်ငြိမ်စွာပင် နေလို့ရလေသည်။

"ဒွေးလေးသွယ်.. ကျွန်တော်တို့ ပြန်ကြဦးစို့"

ဦးဝင်းဖေသည် ဒေါ်ရွှေသွယ်ကို လှမ်း၍ပြောလိုက်သည်။

"မဖြစ်ဘူး မောင်ဝင်းဖေ၊ မနက်စာအတွက် ဆရာလေး စီစဉ်ထားတယ်၊ မွန်းတိမ်းမှ ပြန်ကြ"

ဆရာလေးသည် လှမ်း၍ ပြောလိုက်သည်။

ဦးဝင်းဖေသည် တစ်ချက်မျှခေါင်းညိတ်၍ ဇရပ်ပြင်ဘက်သို့ ထွက်လာသည်။ သူ့ ခြေထောက်များသည် လွမ်းစေတီဘက်သွားရာ ကွေ့သို့ ရွေ့လျားနေတော့သည်။

စေတီရင်ပြင်သည် တိတ်ဆိတ်နေသည်။ ဆည်းလည်းသံက ညင်သာစွာ မြည်နေသည်။ ဖြည်းညင်းစွာ တိုက်ခတ်လာသော လေထဲတွင် တရုတ်စံကားပန်းနံ့များ သင်း၍နေကြလေသည်။

ယခင်ကဆိုလျှင် ရင်ပြင်ပေါ်တွင် မစန္ဒာသည် အမှိုက်သရိုက်များကို ရှင်းလင်း၍ ဘုရားရှိခိုး အရှည်ကြီးကို ရွတ်ဆိုနေတတ်သည်။

ကိုဝင်းဖေသည် ပရိဝုဏ်ပြင်ဘက်မှကျလာသော ညောင်ရွက်ခြောက်များကို ကောက်၍ ယူပစ်ရင်း ချစ်လှစွာသော မစန္ဒာအတွက် မျက်ရည်ပင်စို့လာသည်။

mgyoe.com

mgyoe.com


ယခုတော့ ကံ–ကံ၏အကြောင်းတရားဆိုသည်ကို ကိုဝင်းဖေသည် ယုံကြည်၍ လာခဲ့ပါသည်။

* * *

mgyoe.com

mgyoe.com

(၂)

မယ်သီလရှင်များ ကြားထဲတွင် မွေးပေလို့သာ၊ အပြင်လောကမှာများ မွေးကတည်းက နေလာရရင် မစန္ဒာသည် ကမ္ဘာကို ခါးစောင်းတင်မည် ဖြစ်သည်။

ကိုဝင်းဖေသည် မန္တလေး ဥပစာကောလိပ်တွင် နေကတည်းက စစ်ကိုင်းချောင်မှာပဲ အနေများခဲ့သည်။

စစ်ကိုင်းချောင်ရှိ ဆရာတော်ကြီးများထံတွင် ကိုဝင်းဖေသည် ဗမာစာကို လေ့လာသည်။ ပါဠိကိုလည်း ဆည်းပူး၍ ရှေးဓမ္မသတ်ကျမ်းများကိုလည်း သူက ရှာဖွေစုဆောင်းခဲ့လေသည်။

ထိုစဉ်က မစန္ဒာသည် ခေါင်းတုံးစိမ်းစိမ်းနှင့် သီလရှင်ငယ်ငယ် ကလေး ရှိသေးသည်။

ဒါပေမဲ့ စာပေသင်ကြားရာတွင်တော့ မစန္ဒာမှာ သမိဒ္ဓောချောင်တွင် နာမည်ကျော်ဖြစ်လေသည်။ သူသည် အသက် ၁၃ နှစ်ပေမဲ့ အတော် ပညာတော်သော မိန်းကလေးဖြစ်သည့်အတိုင်း ပထမလတ်စာမေးပွဲကို ဖြေဆို အောင်မြင်ခဲ့လေသည်။

mgyoe.com

mgyoe.com


"မစန္ဒာကို အင်္ဂလိပ်စာ သင်ပေးပါနော်"

ကိုဝင်းဖေ ရောက်လာတိုင်း မစန္ဒာက ပူဆာသည်။ ဒေါ်လေးသွယ် လာလျှင်လည်း..

"ဒွေးလေးသွယ်ရဲ့တူကို ပြောပေးစမ်းပါ၊ မစန္ဒာ အင်္ဂလိပ်စာ သင်ချင်လို့ပါ"

ဆရာလေးကမူ မစန္ဒာ အင်္ဂလိပ်စာသင်ချင်သည်ကို မကြိုက်ပါ။

"အေးအေးနေစမ်းပါ မိန်းကလေးရယ်၊ ပိဋကတ်သုံးပုံလုံးလုံး ကျန်ပါသေးတယ်၊ ဒါတွေများ သင်ပါဦး"

"ဒါတွေလည်း သင်တာပေါ့၊ အင်္ဂလိပ်စာလည်း သင်ချင်လို့ပါ"

"ဟုတ်ပါတယ် မဉာဏစာရီရယ်.. ဉာဏ်က ကောင်းတယ်မဟုတ်လား၊ မောင်ဝင်းဖေနဲ့လည်း အဆင်သင့်နေတုန်း သင်ပါစေ"

ဆရာလေးသည် ခေါင်းကို ဖြည်းညင်းစွာခါ၍..

"မသင်စေချင်ဘူး ရွှေသွယ်၊ မိန်းကလေးနဲ့ လောကီနဲ့ စပ်စပ်ယှက်ယှက်ဖြစ်ဖို့များ လမ်းစဖော် မပေးစမ်းပါနဲ့ မရွှေသွယ်ရယ်"

မစန္ဒာသည် ဇရပ်ပြင်သို့ ထွက်သွားသည်။ ဆရာလေးနှင့်ဒေါ်ရွှေသွယ် သူ့ပြဿနာကို ဆွေးနွေးကြကိုင်း သူက အပြင်သို့ ထွက်လာတတ်သည်။ ပြီးတော့ လွှမ်းစေတီရင်ပြင်ကိုပဲ ပြေးတက်သွားသည်။ ဖြည်းညှင်းစွာ တိုက်ခတ်လာသောလေကို အားရစွာရှူရှိုက်၍ တံတိုင်းနားတွင် သူ ရပ်နေသည်။ တောင်ခြေနှင့်ပတ်ဝန်းကျင်ကို အားလုံးပဲ ပြတ်သားစွာ မြင်ရသည်။

သစ်ကိုင်းခြောက်များကြားမှ ကောင်းကင်ပြာကလည်း တစ်ခွင်တစ်ပြင်ကြီး မျှော်၍မဆုံးပေ။

"လောကကြီးက အကျယ်ကြီးပဲ၊ ဒီချောင်လေးက ကျဉ်းကျပ်လိုက်တာ"

မစန္ဒာသည် ကောင်းကင်ကို မော်ရာမှ မြေပြင်ကို ငုံ့ကြည့်၍ ရေရွတ်လိုက်သည်။

mgyoe.com

mgyoe.com


"ခုနေများ ငါသာ ငှက်ကလေးဆိုရင် ပျံကြည့်မှာပဲဟော့၊ ကောင်းကင်ဟာ ဘယ်လောက်ကျယ်သလဲ၊ မြေပြင်က ဘယ်လောက်လှလဲဆိုတာ၊ ဟာ ဟ.. ငါ ရယ်ချင်လိုက်တာ၊ ငှက်လေးဆို ငါသိပ်ပျော်မှာ"

သူသည် ရယ်ချင်၍ လာသည်။ တစ်ယောက်တည်း ရယ်လိုက်ရင် သူရယ်လိုက်ပုံကို တစ်ယောက်ယောက် သိသွားမှာစိုးသလို ရပ်ပစ်လိုက်ပြန်သည်။

ဒါပေမဲ့ တံတိုင်းများမှ တန်ပြန်ပဲ့တင်ထပ်လာသော သူ့ရယ်သံ၏ ရွှင်မြူးစရာကောင်းပုံကို သဘောကျနေပြန်သည်။

သူသည် ကိုယ်ပေါ်တွင် ဝတ်ထားသော သီလရင်ဝတ်ရုံကို ဘယ်တော့မျှ သတိမထားမိပေ။ သူ၏ အတွေးအခေါ်များကလည်း တစ်ခါမျှ သီလရင်ဝတ်နှင့် မဆက်စပ်ခဲ့။

ဆရာလေးသည် တတ်နိုင်သမျှ သီလရင်ဆန်အောင် သူ့ကို ပြုပြင်ခဲ့သည်။

မစန္ဒာသည် ကိုဝင်းဖေနှင့်တွေ့တိုင်း မဆုံးနိုင်သော မေးခွန်းများကို မေးတတ်သည်။ ဆရာလေးကမူ ဒေါ်ရွှေသွယ်မှလွဲ၍ အပြင်လူတွေနှင့် မစန္ဒာကို မဆက်ဆံစေချင်ပေ။ ပွင့်ပွင့်လင်းလင်း ချုပ်ချယ်ရန်ကိုလည်း ဆရာလေးက မလုပ်ချင်ပေ။

"မစန္ဒာ.. စာကိုကြိုးစားနော်၊ စိတ်ကို မလွင့်စေနဲ့"

ဆရာလေးသည် ခဏခဏ သတိပေးနေသည်။

"အမေ.."

မစန္ဒာသည် ဆရာလေးကို တိုးတိုးခေါ်၍ "အမေက သိပ်ကျဉ်းကျပ်လွန်းတာပဲ၊ နေရတာက ဒီချောင်ထဲမှာ၊ ပြီးတော့ အမေရယ် မစန္ဒာရယ် နှစ်ယောက်တည်းရယ်၊ ဒီကြားထဲ အမေကလည်း မယ်သီလရင် ကျင့်ဝတ်ကြီးနဲ့အမြဲနေတဲ့လူ၊ ဒီအထဲမှာ မစန္ဒာ ဘာကိုထပ်ပြီး ထိန်းသိမ်းရဦးမှာလဲ"

mgyoe.com

mgyoe.com


ဆရာလေးသည် သမီးဖြစ်သူကို သနားသွားသည်။ ဒါပေမဲ့ သူငဲ့လျှင် မစန္ဒာ့အနာဂတ်သည် ကြောက်မက်ဖွယ်ရာ ဖြစ်သွားမည်ကို စိုးရိမ်လာသည်။

"ထိန်းသိမ်းရမှာကတော့ အများကြီးပဲ မစန္ဒာ၊ နှစ်ယောက်တည်းဆိုတဲ့ လောကကိုပဲ ဆုံးအောင် ဖြတ်ရမယ်၊ ဆရာလေးကို မစန္ဒာ့စိတ်ထဲက ပြတ်သွားရင် မစန္ဒာ့ကိုယ်ကိုလည်း မစန္ဒာဖြတ်၊ ဖြတ်ရလို့ အားလုံးကို ပြတ်ရင် မစန္ဒာဟာ သံသရာက လွတ်မြောက်ရမှာပဲ၊ သမီးက လောကကို မပြတ်ရင် သမီးရဲ့အနာဂတ်မှာ ဘာတွေဖြစ်လာမယ်ဆိုတာ သမီးပြောနိုင်လား"

မစန္ဒာသည် မျက်နှာကို ရှုံ့လိုက်၏။

"မစန္ဒာ့အနာဂတ်မှာ ကြောက်စရာတွေကို တွေ့ရဦးမှာလား"

"တွေ့ချင် တွေ့မှာပေါ့"

"ဘာတွေလဲ၊ ဆရာလေးဟာ မစန္ဒာ့အမေပဲ၊ ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ၊ ဆရာလေးပြောတာတွေက မရှင်းလိုက်တာ လွန်ပါရော"

ဆရာလေးသည် မျက်နှာနည်းနည်းပျက်သွားသည်။

"မရှင်းစရာမရှိပါဘူး၊ ဆရာလေးက မပွင့်လင်းတာ မဟုတ်ပါဘူး၊ အပြင်လောကကြီးက ကြောက်စရာကောင်းလွန်းလို့၊ ဒီတော့ သမီးဟာ လောကနဲ့ဆက်စပ်မိရင် ကြောက်စရာအဖြစ်တွေ ဖြစ်ချင်လည်း ဖြစ်တတ်တာမို့ ပြောပြတာပါ"

"မဟုတ်တာဘဲ၊ အေးလေ.. ဟုတ်ချင်လည်း ဟုတ်မှာပေါ့"

မစန္ဒာသည် ဖြည်းညင်းစွာ အားယူ၍ ပြောလိုက်သည်။

"မစန္ဒာက အပြင်လောကအကြောင်း ဘာမျှမသိသေးဘဲနဲ့တော့ လောကအကြောင်း ကြိုတင် မပြောချင်ပါဘူး၊ ဒါပေမဲ့ ဆရာလေး စဉ်းစားကြည့်ပါ.. မစန္ဒာရဲ့ ပတ်ဝန်းကျင်က ဒါတွေဒါတွေပဲ၊ ဘုန်းကြီးရယ်၊

mgyoe.com

mgyoe.com


မယ်သီလရယ်၊ ပြီးတော့ ဘုရားပရိဝုဏ်တွေ၊ တံတိုင်းတွေ အဲဒါတွေရဲ့ ဟိုဘက်မှာက မစန္ဒာမသိသေးတဲ့လောကကြီး၊ လူတွေကိုလည်း မစန္ဒာ အဝေးကပဲ မြင်ရတာပဲ၊ တစ်ခါတစ်ခါတော့လည်း အပြင်ကလူတွေနဲ့ ကြယ်၊ နက္ခတ်တာရာတွေအကြောင်း သိချင်သေးတာပေါ့၊ ဒီမှာဆို ဒွေး လေးသွယ်နဲ့ ကိုဝင်းဖေ နှစ်ယောက်ပဲ အပြင်လူကို တွေ့ရတယ်"

"အပြင်လူတွေနဲ့ မစန္ဒာနဲ့ ဆိုင်မှမဆိုင်ဘဲ၊ တွေ့ရလည်း ပိုနေတာပဲ၊ အေးလေ.. သမီးက ငယ်သေးတာကိုး၊ အပြင်ကို သိပ်ဒုံးထင်ကြီးမှာပေါ့"

မစန္ဒာက စိတ်ရှုပ်လာသလို မျက်နှာထားမှာ မှောင်ကုတ်ကုတ် ဖြစ်လာသည်။ ဇရပ်ခေါင်းရင်းဘက်ရှိ ပြတင်းသို့ ထသွားလိုက်ပြန်သည်။

"ပြီးတော့ မြင်ကွင်းတွေ့ေ့လည်း ဒီမန်းကျည်းပင်ရိပ်နဲ့ ဆီးခင်းပဲ"

မစန္ဒာသည် စိတ်ပျက်သလို ပြောလိုက်သည်။

"အပြင်မှာလည်း ဒါထက်များ ပိုထူးဦးမှာလား မစန္ဒာ၊ ဒီသစ်ပင် ဒီမြေကြီးနဲ့ ဒီကောင်းကင်ပဲဟာ၊ ဒီမှာ ဆရာလေးပြောတာ နားထောင်စမ်း၊ စကြဝဠာကြီးကို ဒီဘက်စွန်းကနေ ဟိုဘက်အထိပဲ ရောက်အောင် သမီးသွားဦး တော့ နောက်ဆုံးတစ်နေ့ တောင်ပေါ်က မန်ကျည်းပင်ရိပ်ထက်တော့ ဘယ်နေရာမှ မအေးချမ်းဘူး၊ လောကကို သမီးက စမ်းချင်လည်း စမ်းကြည့် သေးတာပေါ့၊ တစ်နေ့တော့ မန်ကျည်းပင်ရိပ်ကို ပြန်လွမ်းရဦးမှာပဲ"

"အမေကလည်း.. နက္ခတ်ဆရာကြီးကျနေတာပဲ ရှေ့ဖြစ်တွေ ဟော လိုက်ရတာ၊ ဘာပဲဖြစ်ဖြစ်ပေါ့ မစန္ဒာ အင်္ဂလိပ်စာ စ သင်မယ်နော်"

ဆရာလေးသည် ခေါင်းညိတ်၍ပဲ ပြလိုက်သည်။ ဆက်လက်၍ တားမြစ်ပေမဲ့လည်း မစန္ဒာသည် ရမည့်မိန်းကလေး မဟုတ်ပေ။ သူက အင်မတန်ခေါင်းမာပေသည်။

* * *

mgyoe.com

mgyoe.com

(၃)

မစန္ဒာသည် အိပ်မက်ထဲတွင်တော့ ဧရာဝတီမြစ်ကိုလည်း စုန်ဆင်းခဲ့ပေသည်။ အမျှင်မပြတ် တသွင်သွင်စီးနေသော မြစ်ရေယဉ်မှာ သူ့အဖော်ဖြစ်ခဲ့လေသည်။ မြစ်ကြီးသည် ဘယ်ထိအောင်များ စီးဆင်းမည်လဲ။

တစ်ခါတစ်ရံတွင်လည်း သူသည် တိမ်များရှိရာသို့ ပျံသန်းခဲ့လေသည်။ ကြယ်၊ နက္ခတ်တာရာများရှိရာကိုလည်း သူက လည်ပတ်ခဲ့သေးသည်။ ဘယ်လောက်များ ပျော်စရာကောင်းလိုက်သလဲ။ ယခုလည်း အင်္ဂလိပ်စာသင်ရင်းမှ သူ သိလိုသော လူတွေပေါ်င်းစုံနှင့် ကြယ်၊ နက္ခတ်တာရာတွေအကြောင်းကို သူသင်ရလေသည်။

သူ့ကိုယ်တွင်လည်း မယ်သီလရင်ဝတ်ရုံ မရှိတော့ပေ။ လူဝတ်နှင့် မစန္ဒာလေး ဖြစ်လာတော့သည်။

"သမုဒ္ဒရာရေဟာ ဘာလို့ပြာတာလဲ၊ နေက ဘာလို့ပူရတာလဲ၊ လကရော ဘာလို့ အေးလဲ ကိုကို၊ တစ်ခါကတော့ ဧရာဝတီမြစ်ကို စုန်ဖူးတယ်၊ မြစ်ကြီးဟာ သမုဒ္ဒရာအထိ စီးသလား"

ကိုဝင်းဖေသည် ရယ်လိုက်သည်။

mgyoe.com

mgyoe.com


"မင်း ဘယ်တုန်းက မြစ်ကိုစုန်ဖူးသလဲ"

"အိပ်မက်ထဲမှာလေ"

မစန္ဒာက ရယ်လိုက်ပြန်သည်။ သူ့အဖြေကို သူ့ဘာသာ သဘောကျလိုက်သည်။

"တစ်ခါတစ်ခါတော့ ကိုကိုရယ်.. မစန္ဒာဟာ အပြင်လောကကို အိပ်မက်ပဲ မက်ကြည့်တော့တာပဲ၊ ခုစာတွေတတ်ရင်တော့ မစန္ဒာအပြင်ကို ထွက်ရကောင်းပါရဲ့"

ကိုဝင်းဖေသည် အနည်းငယ် အံ့သြနေရာမှ..

"မင်းကို ဆရာလေးက ဘာလို့ အပြင်လူတွေနဲ့ မဆက်ဆံစေချင်တာလဲ"

"မသိဘူးလေ.. သူကပြောတော့ အပြင်လောကကြီးဟာ ကြောက်စရာကောင်းတယ်တဲ့၊ အဲဒါကော တကယ်လား"

"သြော်.. သူက သီလရှင်ကိုး၊ တရားနဲ့ မွေ့တဲ့လူတွေဟာ လောကကို ဒီလိုပဲ ထင်ကြတာပဲ၊ စာသာ ကြိုးစားသင်လေ၊ မစန္ဒာ ခုဆို အခြေခံတော်တော်ရလာပြီပဲ၊ ဒီကပြီးရင် ဒွေးလေးသွယ်တို့ဆီမှာ ကျောင်းထားဖို့ ဆရာလေးကို ပြောကြည့်မယ်"

"ကိုကိုက မစန္ဒာဆီလာပြီး စာသင်မပေးတော့ဘူးလား"

"ရှေ့နှစ်ဆို ကိုကို ရန်ကုန်ကောလိပ် ပြောင်းရတော့မယ်၊ နွေရာသီကျောင်းပိတ်ရက်ကျမှပဲ လာရတော့မယ်"

"သြော်.. သြော်"

မစန္ဒာသည် ငေး၍နေလိုက်ပြန်သည်။

"ဒွေးလေးသွယ့် ယောက်ျားက စစ်ကိုင်း အစိုးရအထက်တန်းကျောင်းအုပ်ကြီးပဲ၊ သူတို့ဆီမှာ နေပေါ့၊ ဒွေးလေးသွယ့်ယောက်ျားက ကိုကို့ဖေဖေရဲ့ ညီပဲ"

mgyoe.com

mgyoe.com


"ဪ... ဒီလိုဆို ကိုကို့မှာ ဖေဖေရှိတာပေါ့"

အဖေကို တစ်ခါမျှ မမြင်ဖူးသော မစန္ဒာသည် တအံ့တသြမေးလိုက်သည်။

"ဟုတ်တယ်"

"မစန္ဒာမှာတော့ မရှိဘူး၊ တကယ်လို့ အဖေသာရှိရင် မစန္ဒာ စာတွေဘာတွေ သင်ရမှာ၊ ခုတော့ မယ်သီလရှင့်သမီးကိုး... မစန္ဒာတို့မှာ ငွေလည်း မရှိဘူး"

"ငွေအတွက်တော့ မပူနဲ့ပေါ့၊ မစန္ဒာ စာသင်သရွေ့ ကိုကိုထောက်ပံ့မှာပဲ"

"ကိုကိုက ချမ်းသာလား"

မစန္ဒာသည် ဖြောင်ပဲ မေးလိုက်သည်။

"ဖေဖေတို့က ချမ်းသာတယ်၊ ဖေဖေက စက်ရှင်တရားသူကြီးပဲ၊ အငြိမ်းစားယူပြီ၊ သူ့မှာ ကော်ဖီခြံတွေနဲ့ ဥယျာဉ်တွေ အများကြီးရှိတယ်၊ မစန္ဒာ့ဖေဖေဟာ ဘယ်သူလဲလို့ကော မစန္ဒာမသိဘူးလား"

"မစန္ဒာ မမွေးခင်က သေသွားပြီတဲ့၊ မေ့နေလိုက်တာ... အဖေ့နာမည် ဘယ်သူလဲလို့တောင် ဆရာလေးကို မမေးမိဘူး"

ကိုဝင်းဖေမှာ မစန္ဒာ့အဖြစ်ကို ဟစ်၍သာ ရယ်လိုက်ချင်၏။ ဖြစ်မှ ဖြစ်ရပလေ မိန်းကလေးရယ်။ မစန္ဒာသည် ဝိုးဝါးမှုပင် မထင်သော သူ့အတိတ်ကို ပြန်၍တွေးကြည့်နေပုံရသည်။ ခေါင်းရှုပ်နေသလိုလည်း မျက်နှာထားက ပြနေသည်။ ဖြူနုသော မျက်နှာပြင်ပေါ်တွင် မျက်ခုံးနှစ်ခုမှာ ရှုံ့နေသည်။ စိမ်းမှောင်နေသော မျက်ခုံးများသည် အသားပေါ်တွင် ထင်နေသည်။ တစ်မျက်နှာလုံးတွင် အဆွဲဆောင်ဆုံးမှာ မျက်လုံးများဖြစ်သည်။ သူ့မျက်လုံးများသည် ယခု တစ်ခဏအတွင်းမှာ မှေးမှိန်မှိန်ဖြစ်နေသည်။

"ခက်သားပဲ ကိုကို၊ အဖေ့အကြောင်းတွေ မစန္ဒာက မေးရင် အမေက

mgyoe.com

mgyoe.com


အကျိုးမရှိတဲ့ အတိတ်၊ အနာဂတ်တွေအကြောင်းကို လေ့လာနေတာဟာ ဘုရားသခင့်တရားတော်တွေနဲ့ မညီဘူးတဲ့၊ ဒါတွေဟာ ပိုနေတယ်တဲ့၊ မစန္ဒာလည်း သုတ္တန် ဒေသနာတွေ ဘာတွေ လေ့လာနေရတာနဲ့ ဒါတွေ ဘာတွေ မမေးတော့ပါဘူး"

ကိုဝင်းဖေမှာ မစန္ဒာသည် သူ့အတွက် စိတ်ဝင်စားစရာ သတ္တဝါမလေးတစ်ယောက် ဖြစ်နေလေသည်။ ရှင်းရှင်းနှင့် ရိုးရိုးသားသားစိတ်ရှိသူလေးဖြစ်သည်။ လောကကိုတော့ မစန္ဒာသည် ဘာမျှသိပုံမရ။ သူ့တွင် လောကကို စူးစမ်းလေ့လာလိုစိတ် များနေပုံရလေသည်။

"အပြင်မှာကတော့ မိန်းကလေးတွေ လှရင် စိုးရိမ်ရတာပေါ့။ မစန္ဒာက လှတော့ အပြင်ကို ရောက်ရင် သတိထားပေါ့"

"မစန္ဒာက လှတယ်လား"

ကိုဝင်းဖေက ပြုံး၍ ခေါင်းညိတ်ပြသည်။

"အို.. ငယ်ငယ်တုန်းက မှန်တစ်ခါမှမကြည့်ဖူးဘူး၊ နောက်တော့လည်း ဦးသွင်တို့ဇရပ် တစ်ခါသွားလည်တော့မှ သူတို့ဆီက မှန်ဗီရိုကြီးကို ကြည့်ရတယ်"

ဟုတ်ပေသည်၊ မစန္ဒာ့ဆရာလေးသည် ဇရပ်တွင် မှန် အရှင်းမထားပေ။ မစန္ဒာသည် သူ့ခေါင်းတုံးလေးကို ပွတ်လိုက်၍..

"နောက်တော့ မစန္ဒာမှာ ဆံပင်တွေ ဘာတွေနဲ့ ဖြစ်လာမှာပေါ့ ကိုကို၊ ခု ဒီအဝတ်တွေ ဝတ်တာ ဆရာလေးက ကြိုက်ပုံမရဘူး"

ခေါင်းတုံးစိမ်းလေးကို ဖြည်းညင်းစွာ ပွတ်နေသော မစန္ဒာ့လက်ကလေးများကိုကြည့်၍ ကိုဝင်းဖေသည် ဟက်ဟက်ပက်ပက် ရယ်လိုက်သည်။

* * *

mgyoe.com

mgyoe.com

(၄)

"ဖြစ်နိုင်ပါ့မလား မရွှေသွယ်"

"ဖြစ်နိုင်ပါတယ် ဆရာလေးရဲ့ ခု မစန္ဒာကို စစ်ကြည့်တော့ ခုနစ်တန်းလောက်နဲ့ ညီနေပြီ၊ ဗမာစာမှာဆို သူက သိပ်တော်နေတာ၊ ကျွန်မတို့အိမ်မှာနေပြီး ကျောင်းတက်ရမှာပါ။ ကျွန်မကို စိတ်မချလို့လား"

"အို.. မဟုတ်ပါဘူး မရွှေသွယ်"

ဆရာလေးသည် မျက်ရည်တွေ လည်လာသည်။

"မိန်းကလေးရဲ့ အတိတ်တွေဟာ အပြင်ရောက်ရင် ပေါ်လာကြမှာ၊ သူ့အကြောင်းကို သူသိလာရင် ယူကျုံးမရစရာဖြစ်နေမှာ၊ ဒီမှာဆိုတော့ သူ့ဘဝဟာ အေးအေးနဲ့ ပြီးသွားမယ် မဟုတ်လား"

"မဖြစ်နိုင်ပါဘူး၊ ကျွန်မတို့ကလွဲလို့ ဘယ်သူက ဒီအဖြစ်တွေကို သိမှာလဲ၊ စစ်ကိုင်းကဆို မစန္ဒာရဲ့အမေ့အကြောင်းတွေ မေ့ကုန်ကြပါပြီ၊ ဘယ်သူမှ ဒီအကြောင်းကို သတိမထားတော့ပါဘူး"

ဆရာလေးသည် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။ မစန္ဒာကို မခွဲနိုင်၍တော့ မဟုတ်ပေ။ သို့သော် မစန္ဒာ၏အနာဂတ်အတွက် သူ စိုးရိမ်

mgyoe.com

mgyoe.com


ပူပန်နေသည်။

"အေးလေ.. နောက်ဆုံးတော့ မမြွေသွယ်၊ ဆရာလေးတို့ ဘာမှ မဖန်တီးနိုင်ပါဘူး၊ သူ့ကံနဲ့ သူဖြစ်လာတာပဲ၊ ဖြစ်သမျှအကြောင်းပေါ့"

ဆရာလေးသည် နောက်ဆုံး သူ့စိတ်ကို လွှတ်လိုက်ပုံရသည်။

"ငွေရေးကြေးရေးလည်း မောင်ဝင်းဖေက အကုန်တာဝန်ယူတာပါပဲ"

"မစန္ဒာမှာလည်း ဆရာလေးသင်ပေးလိုက်တဲ့ ဘုရားသခင်ရဲ့တရား ဓမ္မတွေ ရှိပါသေးတယ်၊ ဒီတရားတော်တွေက သူ့ ဒုက္ခနဲ့တွေ့တောင် ခံနိုင် ရည်ရှိအောင် ဆုံးမသတိပေးကြမှာပဲ၊ ကိစ္စမရှိပါဘူး ခေါ်ချင်လည်း ခေါ်သွား ပေါ့ မမြွေသွယ်၊ မိန်းကလေးကလည်း တယ်ပြီးတော့ လောကကို လေ့လာ ချင်တယ်"

မစန္ဒာကမူ ထုံးစံအတိုင်း သူ့အကြောင်းတွေ ဒွေးလေးသွယ်တို့ တိုင်ပင် နေလျှင် လွမ်းစေတီဘက်ဆီသို့ ပြေးနှင့်လေပြီ။ ဘုရားမရောက်ခင် ကုက္ကို ပင်ရင်းတွင် သူ့ထိုင်လိုက်၏။ ကုက္ကိုရွက်တွေလည်း ကြွေကုန်၍ သစ်ကိုင်း ခြောက်ကြီးတွေသာ ကောင်းကင်ပြာတွင် ထိုးထွက်နေကြသည်။ ကုက္ကိုသီး ခြောက် ရှည်မည်းမည်းကြီးသည် သူ့ရှေ့တွင် ဖုတ်ခနဲ ကြွေကျလာသည်။ သူသည် ကုက္ကိုသီးခြောက်ကြီးကို ချိုးပစ်လိုက်၏။ ဘုရားမှ ဆည်းလည်းသံ နှင့် ကုက္ကိုသီးခြောက်ကြွေသံများမှာ လေတိုက်လိုက်တိုင်း ကာရန်ညီညီ ပေါ်လာတတ်သည်။

သူသည် ဘုရားပရိဝုဏ်အတွင်းသို့ ဝင်လိုက်ပြန်သည်။ ဘေးတံတိုင်း ကိုကပ်၍ အပြင်သို့မျှော်ကြည့်၏။

တောင်ခြေရှိ သစ်ပင်အုပ်များ၊ သူသိလိုသော လှုပ်ရှားနေသည့် လူများအကြောင်းကို သူသိရတော့မည်။

"ဘုရားမ, လို့ ဒွေးလေးသွယ်နဲ့ လိုက်သွားရပါစေ"

သူသည် စိတ်ထဲမှ ဆုတောင်းမိ၏။ တံတိုင်းပြင်ဘက်တွင် လေရှိန်

mgyoe.com

mgyoe.com


နှင့် လှုပ်ရှားနေသော နဘူးချုံကြီးကိုပင် စိတ်မဝင်စားသလို ဖြစ်နေသည်။ သူသည် ကြွေနေသော တရုတ်စံကားပွင့်တစ်ခုကို မြေပြင်မှ ကောက်၍ ရှူလိုက်ရင်း ဖြည်းဖြည်းလေး သူ့ဇရပ်ရှိရာသို့ ပြန်လာသည်။

ဒွေးလေးသွယ်က ထမင်းရှုးနှင့်သည်။ ဆရာလေးသည် စကြံလျှောက်ရင်း ပုတီးစိပ်နေသည်။

"မစန္ဒာ.. ထမင်းစားပြီး တို့သွားကြမယ်၊ လာ.. စားကြစို့"

မစန္ဒာသည် ထမင်းဝိုင်းတွင် ထိုင်လိုက်သည်။ သူသည် ဆရာလေးကို အလိုလို ကြောက်နေသလို ဖြစ်နေသည်။

ဘူးရွက်ကြော်ချက်၊ ဆိတ်သားခြောက်နှင့် ခရမ်းချဉ်သီးဆီပြန်ချက်မှာ အနံ့တသင်းသင်း ဖြစ်နေသည်။ မစန္ဒာသည် ဖြည်းဖြည်းပင် စားနေသည်။ သူသည် စကားမပြောတတ်သလို တိတ်နေသည်။

ထမင်းစားပြီး၍ သူ့အထုပ်အပိုးလေးများကို ပြင်ဆင်ပြီးသည့်အထိ စကားတစ်လုံးမျှ မပြောမိပေ။

နေမဝင်ခင် တောင်အောက်ကို ဆင်းရပေမည်။

ဆရာလေးရှေ့တွင် ကျုံ့ကျုံ့ထိုင်၍ သူသည် ကန်တော့ရန် ပြင်နေသည်။

"အမေ.."

တစ်လုံးတည်း မစန္ဒာသည် ခေါ်လိုက်၍ ဆရာလေးမျက်နှာကို စေ့စေ့ကြည့်နေသည်။ တစ်ခါဖူးမျှ ဆရာလေးသည် ထိုမျှရင့်ကျက်သော ဣန္ဒြေကြီးနှင့်မနေဖူးပေ။ မစန္ဒာသည် ကန်တော့ရင်း ရင်ထဲတွင် ကြောက်ရွံ့တုန်လှုပ်သလို ဖြစ်သွားသည်။

"လိုအပ်သောဆန္ဒနှင့် တစ်လုံးတစ်ဝတည်း ပြည့်ပါစေ.."

ဆရာလေးသည် ဒါပဲပြောသည်။ မစန္ဒာကမူ ငိုချင်လာပြန်သည်။ ဆရာလေးက ဘာပဲဖြစ်ဖြစ် သူ့ကို စကားရှည်ရှည်ပြောစေချင်သည်။ ယခု

mgyoe.com

mgyoe.com


တော့ တစ်ခုမျှ မပြောသည်ကို သူက မကျေနပ်။ ဆရာလေး ရင်ခွင်ထဲကို ပြေးဝင်၍ ပါးကို ခေါင်းနှင့် ပွတ်လိုက်ချင်သေးသည်။

"ကျောင်းပိတ်တော့ ငါ ပြန်လာရမှာပဲ"

သူသည် ပစ္စည်းများကိုဆွဲ၍ ဇရပ်ပြင်ဘက်ကို ထွက်လိုက်သည်။ ဒွေးလေးသွယ်နှင့် နှစ်ယောက် တိတ်တိတ်ဆိတ်ဆိတ် လျှောက်လာမိသည်။

သူ ငယ်စဉ်က နေခဲ့သော ဇရပ်လေးကို လွမ်းသလိုလို ဖြစ်နေသည်။

တောင်အောက် ရောက်လာချိန်တွင်မှ သူနိုအောင်းခဲ့ရသော စစ်ကိုင်းတောင်ရိုးကို ပြန်၍ကြည့်မိသည်။

ရွှေရောင် နေခြည်များသည် တောင်ရိုးပေါ်ရှိ ဘုရားများပေါ်တွင် ယှက်သန်းနေသည်။ အေးချမ်း ငြိမ်သက်ေသာ ဓမ္မ၏အရိပ်အယောင်များသည် တောင်ရိုးတစ်ခုလုံးကို ဖုံးလွှမ်းနေရစ်ခဲ့တော့သည်။

"မစန္ဒာကို ခွင့်လွှတ်ပါ ဆရာလေးရယ်"

သူထပ်၍ တိုးတိုးလေးပြောရင်း ဒွေးလေးသွယ်နောက်မှ လိုက်ပါလာခဲ့လေသည်။

* * *

mgyoe.com

mgyoe.com

(၅)

မစန္ဒာ ၁၀ တန်းနှစ်သို့ ရောက်လာချိန်တွင်ပင် အတော် သပ်သပ်ရပ်ရပ်ဖြစ်လာလေသည်။

ယခင်လို ခေါင်းမွှရောင်ဖုံး၍ တုံးတိတိ ရှင်းရှင်းနှင့် အလှအပများဆိတ်သုဉ်း၍ မနေတော့ပေ။

သူ့ဆံပင်နက်များကို သေသပ်စွာ ပြုပြင်တတ်လာလေသည်။ ဆံပင်ထားရသော နှစ်မှာ မကြာသေး၍ ဆံပင်များကို ပိုးပါးစလေးများနှင့် နောက်တွင် စု၍ချည်ထားပေသည်။ ဒါပေမဲ့ မစန္ဒာသည် မျက်နှာထားကိုတော့ ပြောင်းလဲ၍ မရသေးပေ။

"ငါ ဘယ်သူ့ကိုမှ ရယ်ပြဖို့ မလိုပါဘူးဟယ်၊ ငါ ပြုံးပြတော့ကော ဘာဖြစ်မှာလဲ၊ လူတွေက ငါ ပြုံးပြမှ ငါ့ကို ခေါ်မှာတဲ့လား"

သူ့ငယ်ချင်းများမှာ သူ့ကို ခွစာလို သဘောထားသည်။ သူသည် မယ်သီလရင်မျက်နှာထားကြီးနှင့်ပင် စာသာ ဖိ၍ကျက်နေတတ်သည်။

အားလပ်ချိန်တွင် မန်ကျည်းပင်ရိပ်တွင် ထိုင်နေမိသည်။

ငြိမ်သက်စွာ တွေးနေမိတိုင်း ဆရာလေးကို သတိရလာတတ်သည်။

mgyoe.com

mgyoe.com


အောက်မေ့သည်ထက် သနား၍လာတတ်သည်။

"ကိုကိုတစ်ယောက်လည်း ငါ့ကို သတိရနေမှာပဲ"

ကိုဝင်းဖေကိုလည်း သူ့အတွေးထဲမှာ ထည့်သွင်းလိုက်သေးသည်။ လစဉ် ကိုဝင်းဖေထံမှ ငွေရောက်လာခြင်းကို သူ့စိတ်က လှုပ်လှုပ်ရှားရှား မဖြစ်ပေ။ သူ့အပေါ် တာဝန်ရှိသူတစ်ဦးက ပေးပို့သောငွေကို သုံးစွဲနေရသလို သူကထင်သည်။ အလှအပအတွက်တော့ မစန္ဒာသည် ငွေကို မသုံးလှပေ။

ဒါပေမဲ့ မန်ကျည်းပင်ရိပ်မှ သူ့အိပ်မက်မက်နေခဲ့ရသော ဤကမ္ဘာလောကနှင့် မိုးကောင်းကင် မြေကြီးများအကြောင်းကိုတော့ သူ့ပိုက်ဆံရှိသမျှ အကုန်ခံ၍ ဆည်းပူးမိသည်။

*

*မစန္ဒာ..*

*ကိုကို စာရေးလိုက်သည်။ မစန္ဒာ့စာတွေကို ကိုကို ဖတ်ရတော့ သိပ်ဝမ်းသာလာတာပဲ။ မစန္ဒာ တော်တော်တိုးတက်လာပြီ၊ ဆက်လက်ပြီး စာကိုကြိုးစား။*

*တစ်ခုက ကိုကို ဒီနွေကျောင်းပိတ်ရင် မစန္ဒာတို့ဆီ ပြန်မလာနိုင်တော့ဘူး၊ နိုင်ငံခြားကို ဥပဒေပါရဂူဘွဲ့ယူဖို့ ကိုကို သွားရလိမ့်မယ်။ မစန္ဒာလည်း ကိုကို့လို သွားနိုင်အောင် ကြိုးစား။*

*ကိုကိုမရှိပေမဲ့ မစန္ဒာ အားမငယ်နဲ့။ မစန္ဒာကို ဆက်လက်ထောက်ပံ့ဖို့ ဖေဖေတို့ကို တာဝန်လွှဲခဲ့တယ်။ ဖေဖေတို့ဟာ မစန္ဒာဆီကို ငွေအရောက်ပို့ပေးလိမ့်မယ်။*

*တတ်နိုင်ရင် ကိုကို့ဆီကို မစန္ဒာရဲ့ဓာတ်ပုံတစ်ပုံ ပို့ပေး*

mgyoe.com

mgyoe.com


*လိုက်ပါလား။ ဒီစာနဲ့အတူ ကိုကို့ဓာတ်ပုံလည်း ပေးလိုက်တယ်။*

*မစန္ဒာကို ကိုကို အမြဲပဲ အောက်မေ့ပါတယ်၊ တစ်ခုပဲ ဝမ်းနည်းတယ်၊ ကိုကို နိုင်ငံခြားကို သွားနေချိန်မှာ ကန္တာစစ်ဖြစ်ချင်ဖြစ်လာမှာ။*

*မစန္ဒာ့ကိုယ်ကို မစန္ဒာ ထိန်းသိမ်းနိုင်ပါစေလို့ ကိုကို ဆုတောင်းပါတယ်။*

*မစန္ဒာ ကျန်းမာ ချမ်းသာပါစေ..*

*ကိုကို*

မစန္ဒာသည် ဝမ်းသာလွန်း၍ လက်ကလေးတွေ တုန်နေသည်။ ပြီးတော့ မျက်ရည်တွေလည်း ဝဲ၍လာကြပြန်သည်။

"ကိုကို.."

ဓာတ်ပုံလေးကို စေ့စေ့ကြည့်၍ အသံထွက်ခေါ်မိသည်။ သူသည် စာရော ဓာတ်ပုံပါယူ၍ ဒွေးလေးသွယ်ကို သွားပြသည်။

"ဒွေးလေးသွယ်.. ကိုကို နိုင်ငံခြားသွားတော့မယ်တဲ့"

"ဟင်.."

"အဲဒါ မစန္ဒာ့ဓာတ်ပုံ ပို့လိုက်ပါတဲ့"

မစန္ဒာသည် လက်ထဲမှ ဓာတ်ပုံပါ ထိုးပေးလိုက်သည်။

"ကိုကိုက လူချောကြီးပဲ ဒွေးလေးသွယ်"

ဒွေးလေးသွယ်က ပြုံးလိုက်သည်။

"သူ့တို့ဖေဖေ ဦးမောင်မောင်က သာပြီးချောသေးတယ်"

"ဟုတ်လား၊ မစန္ဒာ့ဖေဖေကော တော်တော်ချောလား ဒွေးလေးသွယ်"

ဒွေးလေးသွယ်သည် မျက်နှာပြောင်းသွားရာမှ "မစန္ဒာ့ဖေဖေ ချောလို့

mgyoe.com

mgyoe.com


သာ မစန္ဒာလုတာပေါ့၊ ကဲ.. ဒီနေ့ ဓာတ်ပုံသွားရိုက်ရအောင်"

မစန္ဒာသည် ရယ်လိုက်၍..

"ဓာတ်ပုံရိုက်ရမယ်တဲ့.. ရယ်စရာကြီး"

သူသည် ဓာတ်ပုံရိုက်ဖို့ကို စိတ်မဝင်စား၊ မျက်နှာ ဘယ်လိုထားရမည်လဲ မသိပေ။ ဒါပေမဲ့ ကိုကို့အတွက်တော့ ကြိုးစား၍ ရိုက်ပေးလိုက်ရမည်။ မစန္ဒာသည် စာနှင့်ဓာတ်ပုံကို အိတ်ထဲသို့ ပြန်ထည့်၍..

"ဘာလို့ ကိုကို့ဖေဖေတွေဟာ မစန္ဒာကို မဆက်ဆံတာလဲ ဒွေးလေးသွယ်"

ဒွေးလေးသွယ်သည် စကားမပြန်တတ်ပေ၊ ကြောင်၍ ငေးနေသည်။

"အေးလေ.. မစန္ဒာက လူလည်းလှငယ်၊ ဒါလောက် ဆင်းရဲတော့ သူတို့လည်း အေးအေးနေမှာပေါ့"

သူ့အဖြေကို သူပဲပေး၍ ဒွေးလေးသွယ့်နားမှ ထသွားသည်။

*

သူ့ဓာတ်ပုံကို ရှေ့သို့ချ၍ မစန္ဒာသည် ကိုကို့ပုံနှင့် ယှဉ်ကြည့်သည်။ သူ့ပုံမှာ ရယ်စရာကောင်းနေသည်။ မျက်နှာထားမှာ ရယ်တော့မလိုတည်တော့မလိုနှင့် ကြောင်တောင်တောင် ဖြစ်နေသည်။ ဒါပေမဲ့ အစဉ် မပြောင်းလဲသည်မှာတော့ သူ၏တည်ငြိမ်သော မျက်လုံးများ ဖြစ်သည်။

ဒွေးလေးသွယ် ဆင်ပြင်ပေး၍သာ ဖဲပြားပွင့်ကြီးကို တပ်လိုက်ရသည်။ သူ့စိတ်ထဲတွင်တော့ ဒီ ဖဲပြားပွင့်ကြီးကြောင့် သူ အရုပ်ဆိုးသွားသည်ဟု ထင်နေသည်။ သူသည် ကိုကို့ဓာတ်ပုံကို ဆွဲယူကြည့်လိုက်ပြန်သည်။

"တကယ်တော့ ကိုကိုရှိပေလို့သာ၊ ကိုကိုဟာ ငါ့ရဲ့ ကမ္ဘာပဲ၊ ငါဟာ တော်တော်ရုပ်တယ်၊ ငါ့ဟာငါ ချောင်ထဲမှာ ကုပ်နေရင်လည်း ပြီးတဲ့ကိစ္စ၊ ကိုကို့ကို အပူကပ်နေသလို ဖြစ်နေတာပဲ၊ အို.. ဘာလို့ ငါ နှောင်တရရမှာလဲ"

mgyoe.com

mgyoe.com


သူသည် သူ့စိတ်ကို တင်းလိုက်၏။
"ငါ ဘယ်တော့မှ နောင်တမရစေရဘူး"
သူ၏ကြွေးကြော်သံကိုပင် သူက ရေရွတ်လိုက်၏။
သူ့ခါတ်ပုံလေးကို ကိုကို့ဆီသို့ ပို့လိုက်လေသည်။

* * *

mgyoe.com

mgyoe.com

(၆)

စစ်ကိုင်းဆောင်းသည် အေးလွန်းလှသည်။ မနက်စောစောကပင် တစ်မြို့လုံးကို နှင်းတွေ ဖုံးနေသည်။

မစန္ဒာသည် နှင်းတွေထဲမှာ တစ်ယောက်တည်း လျှောက်နေသည်။

ငါးထပ်ကြီးဘုရားဘက်သို့ တိတ်ဆိတ်စွာ လျှောက်လာခဲ့သည်။

လမ်းဘေးဘက်မှ ပန်းခြံများမှ ရေငင်သံများသည် ဆောင်းနံနက်၏ တေးလို ဖြည်းညင်းလေးတွဲ့စွာ အချက်ညီညီပေါ်လာကြသည်။

နှင်းပြင်အောက်တွင် ဇမြို့ပန်းခင်းများလည်း လန်းဆတ်၍ နေကြသည်။

နှင်းဆီရနံ့တွေကလည်း မစန္ဒာပတ်ဝန်းကျင်တွင် သင်း၍နေကြသည်။

နေခြည်ကို လင်းရုံမျှပင် တောက်၍နေသည်။ နှင်းကိုတော့ မဖောက် နိုင်သေးပေ။ ပန်းခင်းကို ပြုပြင်နေသူတွေသာ တလှုပ်လှုပ် တရွရွဖြစ်နေ ကြသည်။

ငါးထပ်ကြီးဘုရားခြေရင်းသို့ မစန္ဒာရောက်လာသည်။

အကြော်သည်ကြီးသည် မစန္ဒာကို လှမ်း၍ကြည့်လိုက်သည်။

mgyoe.com

mgyoe.com


ဘယ်သူဘယ်ဝါဟူ၍တော့ သူမသိ။

ဆောင်းက မည်မျှပင် အေးနေပေမဲ့ အကြော်မီးဖိုမှာ အဒေါ်ကြီးအား နွေးနေစေသည်။

ကြွကြွဖောင်းဖောင်းဖြစ်နေသော တို့ဟူးကြော်များသည် မီးဖိုရှေ့ရှိ ဗျပ်ပေါ်တွင် ပုံနေသည်။

အဒေါ်ကြီးသည် ဘူးသီးကြော်ကို ဆက်၍ကြော်နေသည်။

မစန္တာသည် ဘုရားသို့တက်ရာ လှေကားကို တစ်ထစ်ချင်း လှမ်းတက်နေသည်။

သူ့စိတ်များသည် ဟာ၍နေသည်။ ဘုရားရှိခိုးပြီးပြီးချင်း ဘုရားရင်ပြင်ဘေးမှ စစ်ကိုင်းမြို့ဘက်ကို မျှော်ကြည့်မိ၏။

တောင်ရိုးဘက်တွင်လည်း နေခြည်များ လွှမ်းစပြုလာသည်။ သူ့စိတ်ထဲတွင် ထောင်ကြီးကို မြင်လိုက်ရသလို စိတ်ရှုပ်သွားသည်။

လက်ထဲမှ စာရွက်ကို ဖြန့်၍ဖတ်လိုက်ပြန်သည်။

"မစန္တာရဲ့ ဓာတ်ပုံက တော်တော်လှတာပဲ၊ ဒါလောက် ထွားနေလိမ့်မယ်လို့ ကိုကိုမထင်ဘူး၊ မစန္တာ အပျိုကြီးဖြစ်နေပြီနော်"

"... တကယ်လို့များ မစန္တာ အိမ်ထောင်ပြုဖို့ စိတ်တွေဘာတွေ ကူးမိရင်လည်း ကိုကို့ကို ကြိုတင်အကြောင်းကြားနော်၊ မစန္တာက အရွယ်ရောက်လာပြီကိုး"

မစန္တာသည် မျက်နှာကြီးနှင့် စာရွက်ကို ခေါက်လိုက်သည်။

"အိမ်ထောင်ပြုဖို့..."

မစန္တာသည် ပြင်းပြင်းထန်ထန် ခေါင်းခါလိုက်သည်။ အိမ်ထောင်ရေးဆိုသည်မှာ သူ့အတွက် ဖြစ်လာနိုင်ဦးမှာလား။

သူသည် အိမ်ထောင်ရေးကို ဘယ်တုန်းကမျှ စိတ်ကူးမယဉ်ခဲ့ပေ။ စိတ်ကူးယဉ်စရာ အိမ်ထောင်ရေး၏ အရိပ်အယောင်များသည် မစန္တာ့

mgyoe.com